# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 7 , 2023 — Volume 63, Number 5


၇.၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၇၄ US$ |
| မြန်မာ့ရွှေဈေး | = ၂၈၄၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၈၅၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၉.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၃.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၂၀.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၆.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၃၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၈၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၆.၅၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၈.၀၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၅၃၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ်နှစ်နိုင်ငံကုန်သွယ်မှု တစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကန်ပိုက်တည်နယ်စပ် ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်မှ ဖေဖော်ဝါရီလ ၃ ရက်နေ့အတွင်း ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ နှမ်းနက်၊ ကြံ၊ မြေထောက်ပဲ၊ ဆန်၊ ပဲတီစိမ်း၊ ပြောင်း၊ ငရုတ်သီးနှင့် ဆန်ကွဲများ တင်ပို့ခဲ့ပြီး ပို့ကုန်၏ငွေပမာဏမှာ ၅၄၆၈၃၅၄ ဒသမ ၇၂ ကန်ဒေါ်လာတင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်မှ ၂၇ ရက်နေ့ထိ တင်ပို့ကုန်၏ငွေပမာဏ ၃၂၈၂၅၅၅ ဒသမ ၆၃ ကန်ဒေါ်လာနှင့် ကာလတူ တင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၂၁၈၅၇၉၉ ဒသမ ၀၉ ကန်ဒေါ်လာ တန်ဖိုးပိုမို၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်မှ ဖေဖော်ဝါရီလ ၃ ရက်နေ့အတွင်း စက်နှင့်စက်ပစ္စည်းများ၊ လယ်ထွန်စက်များ၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ သားရေ/သားရေတုဖြင့် ပြုလုပ်သောပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ကားတာယာ၊ မြက်ခင်းတု၊ Empty Cargo Container 45’ Feet နှင့် ပလပ်စတစ်ခြင်းတောင်းများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ငွေပမာဏတန်ဖိုးမှာ ၄၄၆၆၅၉ ဒသမ ၇၈ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်မှ ၂၇ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏ ၂၁၆၃၆၄ ဒသမ ၆ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၂၃၀၂၉၅ ဒသမ ၁၈ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့် တင်သွင်းကုန်တို့၏ ငွေပမာဏများအား နှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၅၀၂၁၆၉၄ ဒသမ ၉၄ ကန်ဒေါ်လာပိုမိုပြီး ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၂၂ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၁၀ ဒသမ ၅၅ ကျပ်ရှိကြောင်း သိရှိရပါသည်။

**Source: မနောမြေကုန်သွယ်မှုဇုန်ဟိုဌာန**

## QR Code ပြုလုပ်ခြင်းဖြင့် ကုန်တင်ယာဉ်များ ဝင်/ထွက်သွားလာမှု အဆင်ပြေဟုဆို

နယ်စပ်မှပို့ကုန်များကို သယ်ဆောင်သည့် ကုန်တင်ယာဉ်များအတွက် QR Code ပါဝင်သည့်စနစ် ကျင့်သုံးခြင်းဖြင့် ဝင်ထွက်သွားလာမှုအဆင်ပြေကြောင်း မူဆယ်


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

နယ်စပ်ကုန်သည်များ၏ ပြောပြချက်အရသိရသည်။ လက်ရှိတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ နယ်စပ်ကုန်သွယ်ရေးမှ တဆင့်ပြည်ပသို့ QR Code ပါဝင်သည့် ကုန်ပစ္စည်းသယ်ဆောင်ခွင့်ကို ဖေဖော်ဝါရီ ၁ ရက်မှ ၁၀ ရက်အထိ စမ်းသပ်ကာလအဖြစ် မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်တို့ရှိ ကုန်သွယ်မှုလမ်းကြောင်းများ၌ ငွေကြေးကောက်ခံမှုမရှိဘဲ စတင်အသုံးပြုနေကြောင်းသိရသည်။

“QR Code ဆိုတာက လိုင်စင်တွေဘာတွေ လျှောက်တဲ့အခါကျရင် QR Code နဲ့ သွားရမယ်။ တန်းစီတဲ့ပုံစံပေ့ါ။ သိပ်ပြီးတော့ အခက်အခဲမရှိပါဘူး။ QR Code လုပ်လိုက်လို့ ဝင်ထွက်သွားလာမှုအဆင်ပြေတယ်။ တခြားထူးထူးခြားခြားတော့ ပြောင်းလဲသွားတာမရှိပါဘူး။ QR Code မရှိခင်တုန်းက ကားတွေနဲ့တန်းစီတာပေ့ါ။ ဒါကြောင့် QR Code နဲ့ တန်းစီရတာ” ဟု မူဆယ်ဆန်စပါးကုန်စည်ဒိုင် ဒု-ဥက္ကဋ္ဌ ဦးမင်းသိန်းကပြောသည်။

အဆိုပါ စနစ်အသုံးပြုမှုအား စမ်းသပ်ကာလပြီးနောက် ဖေဖော်ဝါရီ ၁၁ ရက်မှစတင်ကာ ယာဉ်တစ်စီးလျှင် ၅၀၀၀ ကျပ် ကောက်ခံမည်ဖြစ်ကြောင်း ၊ ကုန်ပစ္စည်းသယ်ဆောင်ခွင့် လျှောက်ထားရာ၌ တင်ပို့မည့်ကုန်ပစ္စည်းများအတွက် နယ်စပ်ပို့ကုန် လိုင်စင်အား Myanmar Tradenet 2.0 စနစ်တွင် ဦးစွာလျှောက်ထားရမည်ဖြစ်ကာ နယ်စပ်ပို့ကုန်လိုင်စင်ရရှိပြီးပါက ပို့ကုန်တင်ပို့မည့်ယာဉ်များ၏ အချက်အလက်များကို [https://vehicle.myanmartradenet.com](https://vehicle.myanmartradenet.com) (Vehicle Monitoring System)တွင် ဖြည့်သွင်းလျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် QR Code ပြသစစ်ဆေးခံနိုင်ခြင်းမရှိသည့်ယာဉ်များအား သက်ဆိုင်ရာစစ်ဆေးရေးဂိတ်များမှ ဆက်လက် ထွက်ခွာခွင့်ပြုမည်မဟုတ်ကြောင်း၊ အဆိုပါယာဉ်များသည် ကုန်ပစ္စည်းသယ်ဆောင်ခွင့်အား Online မှ ပြန်လည် လျှောက်ထားပြီး QR Code ရရှိမှသာ ဆက်လက်ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**Source:** [https://www.popularmyanmar.com/?p=102151](https://www.popularmyanmar.com/?p=102151)

## ယခုလအတွင်း နိုင်ငံတကာကုန်တင်သင်္ဘော ၅၁ စင်း ဝင်ရောက်ရန်ရှိ

ယခု ဖေဖော်ဝါရီလအတွင်း ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာသင်္ဘောလိုင်း ၁၈ လိုင်းမှ ကုန်တင်သင်္ဘောအစင်းရေ ၅၁ စင်းအထိ တိုးမြှင့်ဝင်ရောက်ရန်ရှိကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးမှ သိရသည်။ ပြီးခဲ့သည့် ဇန်နဝါရီလက နိုင်ငံတကာကုန်တင်သင်္ဘော ၄၅ စင်း ဝင်ရောက်ခဲ့ကာ ဆိပ်ကမ်းလုပ်ငန်းများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းလိုအပ်ချက်အရ သွင်းကုန်တိုးမြှင့်တင်သွင်းနိုင်ရန်အတွက် ရန်ကုန်ဆိပ်ကမ်းများသို့ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် အတွင်း နိုင်ငံတကာသင်္ဘောလိုင်းများမှ ကုန်တင်သင်္ဘော ၆၅၅ စင်း ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကုလားတန်ဘက်စုံသုံးသယ်ယူပို့ဆောင်ရေး စီမံကိန်း(KMIT)၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် စစ်တွေ ဆိပ်ကမ်းသစ်ကို မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်သောကြောင့် တန်ချိန် ၅၀၀၀ နှင့် ၆၀၀၀ ဝန်းကျင် သင်္ဘောများဝင်ရောက် ဆိုက်ကပ်နိုင်မည်ဖြစ်သည်။

ရန်ကုန်မြစ်အတွင်း ရေလမ်းကြောင်းအသစ် ရှာဖွေတွေ့ရှိခဲ့သည့်အတွက် ရေစူးကန့်သတ်ချက် တိုးမြှင့်ခွင့်ပြုပြီးနောက် သီလဝါဆိပ်ကမ်းသို့ ရေစူး ၁၀ မီတာရှိသည့် နိုင်ငံတကာပင်လယ်ကူးသင်္ဘောများ ဝင်ထွက်သွားလာလျက်ရှိကြောင်းသိရ သည်။

**Source:** [https://t.me/sdtimedaily](https://t.me/sdtimedaily)

## ပို့ကုန်လိုင်စင်လျှောက်ထားရန်မလိုအပ်သည့် ကုန်စည်များကို နယ်စပ်လမ်းကြောင်းမှ တင်ပို့မည်ဆိုပါက ပို့ကုန်လိုင်စင် လျှောက်ထားရမည်

ပို့ကုန်လိုင်စင်လျှောက်ထားရန် မလိုအပ်သည့်ကုန်စည်များကို နယ်စပ်လမ်းကြောင်းမှ တင်ပို့မည်ဆိုပါက ပို့ကုန်လိုင်စင် လျှောက်ထားရမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနက အသိပေးကြေညာထားသည်။

ယင်းအတွက် မည်သည့်ပို့ကုန်မဆို တင်ပို့မှုများအတွက် ကုန်ပစ္စည်းသယ်ဆောင်ခွင့်ကို Myanmar Tradenet 2.0 စနစ်တွင် ကနဦး ဝင်ရောက်လျှောက်ထားရန် လိုအပ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၁၇ ခုနှစ်တွင် ဖော်ပြထားသည့် ကုန်စည်များအနက် ယခင်က ပို့ကုန်လိုင်စင် မလိုအပ်ဘဲ တင်ပို့ခွင့်ရရှိခဲ့သည့် ကုန်စည်များကို ပို့ကုန်လုပ်ငန်း အဆင်ပြေချောမွေ့စေရန် Automatic Licensing စနစ်ဖြင့် ပို့ကုန်လိုင်စင်ကို ချက်ချင်းခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Myanmar Tradenet 2.0 စနစ်တွင် ပို့ကုန်လိုင်စင်လျှောက်ထားပြီးမှသာ ပို့ကုန်တင်ပို့မည့်ယာဉ်များ၏ အချက်အလက်များကို Vehicle Monitoring System တွင် ဖြည့်သွင်းလျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://t.me/sdtimedaily

## ၁၈ သိန်းကျော်ထိ မြင့်တက်ခဲ့သည့် ပြည်တွင်းပဲစျေး ပြန်လည်ကျဆင်းကာ စျေးကွက်အေး

၁၈ သိန်းကျော်ထိ မြင့်တက်ခဲ့သည့် ပြည်တွင်းပဲစျေး ပြန်လည်ကျဆင်းကာ စျေးကွက်အေးသွားကြောင်း ပဲကုန်သည်များထံမှ သိရသည်။

စျေးကွက်တွင်းသို့ ပဲအဝင်များလာပြီး လက်ရှိ ပြည်ပအဝယ်မမှန်သောကြောင့် ပဲစျေးကွက်ပြန်လည်အေးလာခြင်းဖြစ်ကြောင်း ကုန်သည်တချို့ထံမှ သိရသည်။ "အခုက စျေးကွက်ကအေးသွားတယ်။ မတ်ပဲကတော့ အသစ်ပေါ်တော့မှာမို့ အေးသွားတာ။ ပဲစင်းငုံကတော့ အတက်ကြမ်းသွားလို့ပြန်အေးတာ။ ရေရှည်မအေးနိုင်ပါဘူး လိုအပ်ချက်ရှိအုံးမယ်။ အိန္ဒိယဘက်ကလဲ အထွက်နည်းတယ်"ဟု အောင်လံမြို့မှ ပဲကုန်သည် ဦးအောင်မိုးကပြောသည်။

လက်ရှိ ရန်ကုန်စျေး မတ်ပဲတစ်တန်လျှင် ယခင်က ၁၈သိန်းထိ မြင့်တက်ခဲ့ရာမှ လက်ရှိ ၁၇ သိန်း ရှစ်သောင်းထိ ပြန်လည်အေးစက်သွားပြီး ပဲစင်းငုံတစ်တန်လျှင် ယခင် ၁၉သိန်းခွဲထိ မြင့်တက်နေရာမှ ယခု ၁၉ သိန်းထိ ကျဆင်းသွားကာ အေးနေကြောင်းသိရသည်။ ယင်းစျေးနှုန်းမှာ နေရာဒေသပေါ်မူတည်ပြီး စျေးနှုန်းအပြောင်းအလဲရှိနိုင်ကြောင်းလည်း သိရသည်။

ပြည်တွင်းစားသုံးသည့် ကုလားပဲအပါအဝင် ပဲများပါ အထွက်နည်းခဲ့သည့်အတွက် စျေးကောင်းနေကြောင်းသိရသည်။ လက်ရှိ ပြည်တွင်းစားသုံးနေသည့် ပဲကြီးစျေးမှာ ၈ သောင်း ပတ်ဝန်းကျင်နှင့် ကုလားပဲစျေးများမှာတော့ ၆ သောင်း အထက်တွင် ရှိ၍ စျေးနှုန်းခိုင်မာမှုရှိကာ အရောင်းဝယ်ကောင်းကြောင်း သိရသည်။

နောက်ပိုင်းတွင် ပြည်တွင်းပဲများအား အိန္ဒိယမှ လိုအပ်ချက်ရှိနေဦးမည်ဖြစ်၍ ပဲစျေးမှာ ဆက်လက်ကောင်းနေနိုင်ကြောင်း ကုန်သည်တချို့ ခန့်မှန်းကြသည်။ "အိန္ဒိယက ပဲအထွက်နှုန်းက ပုံမှန်မရှိဘူး အမြဲတမ်း လိုအပ်ချက်ရှိနေတာဆိုတော့ ပဲစျေးကွက်က ကျသွားတောင် အကြာကြီးမကျဘူး။ ခဏပဲ ၊ ပဲအသစ်တွေကလဲ ဖေဖော်ဝါရီလနောက်ပိုင်း ထွက်လာတော့မှာဆိုတော့ အေးသွားတဲ့သဘောပါ"ဟု မန္တလေးမြို့ မှ ပဲကုန်သည်တစ်ဦးက ပြောသည်။

လက်ရှိ ပြည်ပ FOB စျေးမှာ မတ်ပဲတစ်တန်လျှင် ဒေါ်လာ ၇၃၀ မှ ၇၄၀ ပေါက်စျေးရှိကြောင်းသိရသည်။ မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယသို့ အဓိကတင်ပို့နေပြီး တရုတ်၊ သီရိလင်္ကာ၊ နီပေါ၊ မလေးရှား၊ ထိုင်းနဲ့ UAE နိုင်ငံတွေကို ပဲမျိုးစုံတင်ပို့နေကြောင်းသိရသည်။

**Source: AMIA**

https://l.htwettoe.com/v2

## ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့မှုမြင့်တက်ပြီး တရုတ်နိုင်ငံထံ အများဆုံးဖြစ်

ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ဆန်နဲ့ဆန်ကွဲ ပြည်ပတင်ပို့မှုဟာ ၂၀၂၂ ဧပြီလကစလို့ ၁၀ လအတွင်း အမြင့်ဆုံးဖြစ်ခဲ့ပြီး အများဆုံးတင်ပို့ခဲ့တာကတော့ တရုတ်နိုင်ငံထံဖြစ်တယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ သတင်းထုတ်ပြန်ချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ဇန်နဝါရီလအတွင်း ဆန်နဲ့ဆန်ကွဲ ပြည်ပတင်ပို့မှုဟာ စုစုပေါင်း ၂၆၈၈၃၅ မက်ထရစ်တန်ထိ ရှိခဲ့တာဖြစ်ပြီး ၂၀၂၂ ဒီဇင်ဘာလထက် ၄၀၃၉၀ တန် ပိုလာခဲ့တာပါ။ ၂၀၂၂ နိုဝင်ဘာ၊ ဒီဇင်ဘာမှာ ဆန်တင်ပို့မှုအများဆုံးက ဘင်္ဂလားဒေ့ရှ် ဖြစ်ခဲ့ပေမဲ့ ပြီးခဲ့တဲ့လအတွင်းမှာတော့ ဆန်တင်ပို့မှုအများဆုံးက တရုတ်နိုင်ငံဖြစ်သွားပါတယ်။

ဆန်နဲ့ဆန်ကွဲတင်ပို့တဲ့ကုမ္ပဏီအရေအတွက်ဟာလည်း ဒီဇင်ဘာလထက် ၇ ခု ပိုများခဲ့ပြီး ၄၉ ခုထိရှိခဲ့ပါတယ်။ ဇန်နဝါရီလအတွင်း ဆန်တင်ပို့မှု ၁၇၁၈၁၁ မက်ထရစ်တန်၊ ဆန်ကွဲတင်ပို့မှု ၉၇၀၂၄ မက်ထရစ်တန်ဖြစ်ပါတယ်။ တင်ပို့မှုမှာတော့ သင်္ဘောနဲ့တင်ပို့မှုက ၂၂၄၁၄ တန်ဖြစ်ပြီး ကျန်တဲ့ ၄၆၄၂၁ တန်ကိုတော့ နယ်စပ်ကနေ တင်ပို့ခဲ့တာပါ။

ဒီလိုတင်ပို့မှုတွေကနေ ပြည်ပဝင်ငွေရရှိမှုအနေနဲ့တော့ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀၇ သန်း ရှိခဲ့တယ်လို့ဆိုပါတယ်။ ဒါဟာလည်း ပြီးခဲ့တဲ့ ၁၀ လအတွင်း အမြင့်ဆုံးဖြစ်ပါတယ်။ ဆန်တင်ပို့ရတဲ့ နိုင်ငံတွေလည်း တိုးလာပြီး စုစုပေါင်း ၂၇ နိုင်ငံထိတင်ပို့ခဲ့ကာ တရုတ်နိုင်ငံကိုတင်ပို့မှုကတော့ ၅၆၆၇၄ တန်နဲ့ အမြင့်ဆုံးဖြစ်ခဲ့တာပါ။ ဆန်ကွဲတင်ပို့ရာ နိုင်ငံကလည်း ၁၄ နိုင်ငံထိဖြစ်လာပြီး အများဆုံးကလည်း ဆန်လိုပဲ တရုတ်နိုင်ငံပဲဖြစ်ကာ ၆၈၇၈၉ တန်ထိ တင်ပို့ခဲ့တာပါ။ နောက်ထပ် ဆန်ကွဲအများဆုံး တင်ပို့ခဲ့တဲ့ ၄ နိုင်ငံကတော့ ဥရောပနိုင်ငံတွေချည်းဖြစ်တယ်လို့ သိရပါတယ်။

လက်ရှိမှာတော့ ပြည်တွင်းမှာတင် ဆန်ဈေးတွေဟာ ဆက်တိုက်မြင့်တက်နေပြီး ယခုဖေဖော်ဝါရီ လလယ်ပိုင်းမှာလည်း သင်္ဘောတင်ပို့ဖို့ရှိနေတယ်လို့ လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIA) ရဲ့ သတင်းတစ်ခုအရ သိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/Rice_Export_Jan_2023

## ဖေဖော်ဝါရီ ပထမအပတ်အတွင်း ကြက်သွန်နီဈေးကွက်အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာပွဲရုံသို့ ကြက်သွန်နီများ နေ့စဉ် ပိဿာချိန် ၁၀၀၀၀ ခန့် ပုံမှန်ဝင်ရောက်လျှက်ရှိပါသည်။ ပွဲရုံသို့ဝင်ရောက်လာသော ကြက်သွန်နီများ ဒေသတွင်း အဆွဲများရှိခြင်း၊ ရန်ကုန်၊ မန္တလေးနှင့်ချင်းတွင်းအထက် မြစ်ရိုးတစ်လျှောက် တင်ပို့လျှက်ရှိကြောင်းသိရသည်။

ယခုအပတ်အတွင်း မုံရွာပွဲရုံများတွင် ဝင်ရောက်လျှက်ရှိသော ကြက်သွန်နီတစ်ပိဿာ လက်ကားဈေးနှုန်းများမှာ (ကြီး) (၁၃၀၀-၁၁၀၀)ကျပ်၊ (လတ်) (၁၀၀၀-၈၅၀) ကျပ်၊ (သေး) (၈၀၀-၇၀၀)ကျပ်၊ အသေးဆုံး အစမှာ (၄၀၀-၅၀၀)ကျပ်နှုန်းနှင့် အလုံးဆိုက်၊ အစိုအခြောက်၊ အရောင်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုများရှိပါသည်။ လက်လီတစ်ပိဿာ ဈေးနှုန်းများမှာ (ကြီး) (၁၉၀၀-၁၆၀၀)ကျပ်၊ (လတ်)(၁၅၀၀-၁၄၀၀) ကျပ်၊ (သေး) (၁၂၀၀-၁၀၀၀) ကျပ်ရှိပါသည်။

ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ကျဆင်းလာကြောင်းသိရပါသည်။ ကြက်သွန်ဖြူ လက်လီတစ်ပိဿာ ဈေးနှုန်းမှာ (ဗမာ) (၅၀၀၀-၆၀၀၀)ကျပ်၊ (ရှမ်းစ) (၄၀၀၀-၄၅၀၀)ကျပ်၊ ကြူကုတ် (၄၈၀၀-၅၅၀၀)ကျပ်ဖြင့် ပစ္စည်းအရည်အသွေးပေါ်မူတည်ပြီး အသီးသီးအရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

**Source: ဖေယျာကုန်သွယ်မှုဗဟိုဌာန**

## လွယ်ဂျယ်နှင့်ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်မှ ဖေဖော်ဝါရီလ ၃ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၅၄၆၈၃၅၄ ဒသမ ၇၂ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၄၄၆၆၅၉ ဒသမ ၇၈ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ နှမ်းနက်၊ ကြံ၊ မြေထောက်ပဲ၊ ဆန်၊ ပဲတီစိမ်း၊ ပြောင်း၊ ငရုတ်သီးနှင့် ဆန်ကွဲများ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၂၃၀၃၆၅၇ ဒသမ ၇၂ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၃၁၆၄၆၉၇ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ စက်နှင့်စက်ပစ္စည်းများ၊ လယ်ထွန်စက်များ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ သားရေ/ သားရေတုဖြင့် ပြုလုပ်သောပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ကားတာယာ၊ မြက်ခင်းတု၊ Empty Cargo Container 45'Feet နှင့် ပလပ်စတစ်ခြင်းတောင်းများ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၇၅၀၀၈ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၃၇၁၆၅၁ ဒသမ ၇၈ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၂၂ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၁၀ ဒသမ ၅၅ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနော်မြေကုန်သွယ်မှုဇုန်ဌာန**

## STOCK EXCHANGE (7.2.2023)

***မှတ်ချက်။ (၇.၂.၂၀၂၃) နေ့အတွက် လိုင်းမရ၍ (၆.၂.၂၀၂၃) နှင့်သာ ပြန်တင်ထားပါသည်။**

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 6th Feb. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,853 (Shares) | 19,305,650 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | -100 | -1.16% | 8,600 | 8,600 | 8,500 | 432 | 3,687,000 | 33,109,694 | 281,432 |
| MTSH | 00002 | 3,300 | -50 | -1.49% | 3,300 | 3,350 | 3,300 | 598 | 1,973,650 | 38,929,150 | 128,466 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 2,250 | +0 | +0.00% | 2,200 | 2,250 | 2,200 | 5,589 | 12,498,400 | 24,720,530 | 55,621 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 19,977,223 | 53,939 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 234 | 1,146,600 | 10,497,598 | 51,438 |

### Market summary

As of 6th Feb. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 392.64 | -3.02 | -0.76% | 393.83 | 395.66 | 392.64 | 6,853 | 19,305,650 | 7 | 683,042 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 6th Feb. 2023

| Trading Volume | Trading Value |
|---|---|
| 6,853 (Shares) | 19,305,650 (MMK) |

## Main Board

As of 1:00 pm, 6th Feb. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,853 (Shares) | 19,305,650 (MMK) |

| MYANPIX | 392.64 |
|---|---|
| | ▼ 3.02 |
| Total Volume (shares) | 6,853 |
| Total Value (MMK) | 19 mil |
| Listed Company | 7 |
| Market Cap. (MMK) | 683,042 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▼ 100 |
| MTSH | 00002 | 3,300 | ▼ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 2,250 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |

TIR